ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR KAREN STATE
2-9 JUNE 2015

**တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့**
**တတိယအကြိမ်အစည်းအဝေးသတင်းထုတ်ပြန်ကြေငြာချက်**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်နေ့ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၏ တတိယ အကြိမ်မြောက်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင် (၁၇-၁၈) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ယင်းကြိုတင်အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အချောသတ် ရေးဆွဲနိုင်ရေးညှိနှိုင်းဆွေးနွေးပွဲ အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးခဲ့ကြသည်။

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုအချောသတ် ရေးဆွဲနိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့ တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဌာနတွင်စတင်ကျင်းပမည်ဖြစ်သည်။ ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် အောက်ပါအချက်အလက်များကို အဓိကထား ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်သည်။

(၁) လော်ခီးလာထိပ်သီးအစည်းအဝေးမှ ပြင်ဆင်သည့် NCA စာချုပ်(မူကြမ်း)ပါအချက်များ

(၂) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်များ

(၃) နိုင်ငံတကာနှင့် ပြည်တွင်းအသိသက်သေများ

(၄) အားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

အထက်ပါကိစ္စရပ်များနှင့်ပါတ်သက်၍ စာနယ်ဇင်းသတင်းဌာနများနှင့်ပြည်သူများ၏မေးခွန်းများကို ပြောရေးဆိုခွင့်ရှိသူများ မှ ပြန်လည်ဖြေကြားမည်ဖြစ်သည်။

**ဆက်သွယ်ရန် -**

(၁) ပူးဖင်ကျိုး - (မိ) ၆၂၉ ၇၁၁ ၅၁၈

(၂) စောကွယ်ထူးဝင်း - (မိ) ၈၁ ၈၀၇ ၆၂၇၉ (ထိုင်း)၊ ၀၉ ၄ ၂၂၀ ၉ ၁၉ ၄၁ (မြန်မာ)

(၃) နိုင်ဟံသာ - ( မိ) ၈၀၅ ၀၃၁၈ ၄၉ (ထိုင်း)၊ ၀၉ ၂၅ ၀၈၅၁၈၈၀ ( မြန်မာ

**သတင်းနှင့်ပြန်ကြားရေးအဖွဲ့**

အီးမေးလ်- sd.media.eaos@gmail.com , ဖုန်း (မိ) ၉ ၈ ၈၅၀ ၉ ၁၅၃